# ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း
# တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားနေ့နှင့်
# ပြည်နယ်နေ့များ ဖြစ်ပေါ်လာပုံ
# သမိုင်းအကျဉ်း(၁)

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ

စုစည်းဖော်ပြသည်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ)

## ကချင်ပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
## ဇန်နဝါရီလ (၁၀)ရက်

ကချင်လူမျိုးများသည် အေဒီ ၁၆၀၀ ခုနှစ်ခန့်မှ ယခုအချိန်ထိ ကချင်ပြည်နယ် သတ်မှတ်နယ်မြေဒေသများတွင် နေထိုင်ဆင်းသက်လာခဲ့ကြသည်။ ကုန်းဘောင်ခေတ်၊ ဘကြီးတော်ခေတ်၊ အင်းဝခေတ်နှင့် သီပေါမင်းလက်ထက် မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့များ လက်ထက်ကတည်းက ကချင်တောင်တန်းအက်ဥပဒေဖြင့် ကချင်ပြည်နယ် ကချင်ဒေသကို (Kachin Hill-tribes Regulation )ဟူ၍ ၁၈၉၅ ခုနှစ် သမိုင်းတွင် အတိအကျရေးဆွဲပြီး အုပ်ချုပ်လာခဲ့သော ကချင်လူမျိုးစုများဖြစ်သည်။

၁၉၂၄ ခုနှစ်တွင် ကချင်ဒူဝါကြီးများလူဦးရေ (၃၀)ဦးတို့သည် အင်္ဂလိပ်အစိုးရ Spencer Hacourt Butler ထံ မိမိလူမျိုး၊ မိမိဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြီးအပိုင် တောင်းဆိုခဲ့ပြီး အုပ်ချုပ်လာခဲ့ကြသည်။

၁၉၄၆ ခုနှစ် နိုဝင်ဘာလ (၂၈) ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်မနှင့် တောင်တန်းဒေသက ကချင်၊ ရှမ်း၊ ချင်းအားလုံး လွတ်လပ်ရေးယူရန် မြစ်ကြီးနား၊ မန်ခိန်တွင် လာရောက်ဆွေးနွေးခဲ့ကြပါသည်။ ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ကချင်ခေါင်းဆောင် (၆)ဦးမှ ကချင်တိုင်းရင်းသားများအတွက် သဘောတူတောင်းဆိုတင်ပြခဲ့သော အချက်အလက်များမှာ-

(၁) ဗမာနှင့်အတူ လွတ်လပ်ရေးယူရန် သဘောတူသည်။

(၂) လွတ်လပ်ရေးရလျှင် ကချင်ပြည်နယ် သီးသန့် သတ်မှတ်ပေးရန်နှင့် ကချင်ပြည်နယ်နေ့ကို နိုင်ငံတော်မှ အသိအမှတ်ပြု သတ်မှတ်ပေးရန်။

(၃) လွတ်လပ်ရေးယူပြီးနောက် ရှမ်း၊ ကချင်ပြည်နယ်များကို သတ်မှတ်ယူပြီး မိမိပြည်နယ်ကို မိမိအုပ်ချုပ်ရန်။

(၄) ဗန်မော်ခရိုင်နှင့် မြစ်ကြီးနားခရိုင်ကို ကချင်ပြည်နယ် သတ်မှတ်ပေးရန်။

(၅) ပြည်ထောင်စုအစိုးရနှင့် ကချင်တို့ပူးပေါင်းပြီး ကချင်နယ်နိမိတ်သတ်မှတ်ပေးရန်။

(၆) မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့တွင် ကချင်နှင့် ရှမ်းလူမျိုးတို့ အမြဲပါဝင်ရေးဆွဲရန်။

(၇) မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ကချင်ပြည်နယ်ပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းရန်။

(၈) ကချင်ပြည်နယ်တိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရမှ ပြည်နယ်၏ လုပ်ပိုင်ဆောင်ရွက်ခွင့်များနှင့် ဘဏ္ဍာငွေများ သုံးစွဲခွင့်ကိုလည်း တောင်တန်းနှင့် ပြည်မတန်းတူ အခွင့်အရေး ရရှိနိုင်ရန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဗြိတိသျှအုပ်ချုပ်မှုလက်အောက်မှ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီးနောက် (၆)ရက်ကြာပြီး ဇန်နဝါရီ (၁၀)ရက်နေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ပထမဆုံးသမ္မတ စဝ်ရွှေသိုက်သည် ကချင်ပြည်နယ်မြစ်ကြီးနားသို့ ရောက်ရှိလာပြီး ဇန်နဝါရီလ (၁၀)ရက်နေ့၊ နံနက် (၀၈:၀၀) နာရီအချိန်တွင် စီတာပူ၊ မနောကွင်း၌ ကချင်ပြည်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ဒူဝါဆင်ဝါးနောင်အား ပထမဆုံး ရွေးချယ်တင်မြှောက် ပဋိညာဉ်ခံယူခဲ့ပါသည်။

ထို့နောက် သမ္မတစဝ်ရွှေသိုက်သည် ကချင်ပြည်နယ်ကောင်စီဥက္ကဋ္ဌ ဒူဝါဆင်ဝါးနောင်အား မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို ပေးအပ်ခဲ့ပါသည်။ ထို့နေ့၌ပင် ကချင်ပြည်နယ်အစိုးရကို ဖွဲ့စည်းပြီး ဇန်နဝါရီလ (၁၀)ရက်နေ့ကို ကချင်ပြည်နယ်နေ့ဟု တရားဝင်အသိအမှတ်ပြု သတ်မှတ်ခဲ့သည်။

# ကယားပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
# ဇန်နဝါရီလ (၁၅)ရက်

၁၉၄၈ ခုနှစ်၊ မတ်လ (၁၈)ရက်နေ့တွင် လွိုင်ကော်မြို့၌ နယ် (၄)နယ်မှ လူထုကိုယ်စားလှယ် (၃၀၀၀)ကျော် တက်ရောက်သော အစည်းအဝေးတစ်ရပ် ပြုလုပ်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၁၈၀(၁)(က)တွင် ဖော်ပြထားသော "ကရင်နီ"ဟူသော စာသားအား ပယ်ဖျက်ပေးရန် တောင်းဆိုသွားရေးအတွက် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။ အကြောင်းမှာ ကရင်နီပြည်သည် ရှေးပဝေသဏီကတည်းက အစဉ်အလာအရ တစ်သီးတစ်သန့် တည်ရှိလာသည့် သမိုင်းအတိုင်း ကရင်လူမျိုးများနှင့်ဖြစ်စေ ကော်သူလေး (ကရင်)ပြည်နယ်ဖြစ်စေ အလျဉ်းမပေါင်းနိုင်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

ကရင်နီဆိုသည်မှာ ကရင်ဖြူများနှင့် ဆင်တူရိုးမှား အဓိပ္ပါယ်ဆောင်သည့်အပြင် အခြားသောလူမျိုးများ အကြားတွင်လည်း ထင်ယောင်ထင်မှား ဖြစ်စေသဖြင့် မူလအမည်စစ် အမည်မှန်ဖြစ်သော ကယားသို့ ပြောင်းလဲပေးရန် ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၅၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် တစ်ကြိမ် ဦးစိန်က တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်ပြတောင်းဆိုခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သူ ဦးနုက ဖွဲ့စည်းပုံအခြေခံဥပဒေအား မည်သည့်အရေးကြီးသော အရေးအရာကိစ္စမျိုး၌ပင်လျှင် ပြင်ဆင်ရန် လွယ်လင့်တကူ လုပ်ဆောင်ဖို့ မလွယ်ကူပါ။ လူထု၏ဆန္ဒသ

ဘောထားကို လိုက်လျောသောအားဖြင့် ပြင်ရမည်ဆိုပါလျှင် အခြားသောနည်းလမ်းများရှိက ဖြေရှင်းသွားရန် အကြံပြုခဲ့သည်။

သို့ဖြင့် အဆိုပါ တိုင်းပြုပြည်ပြုလွှတ်တော် (ပါလီမန်)တွင် အဖွဲ့ဝင် (၁၀)ဦးပါ ကရင်နီပြည်နယ် အထူးစုံစမ်းရေး ကော်မရှင်တစ်ရပ်ပါတီကို ဖွဲ့စည်းပြီး လူထု၏ ဆန္ဒသဘောထားအမှန်ကို သိရှိနိုင်ရန်အတွက် စစ်တမ်းကောက်ယူစေခဲ့သည်။ အဆိုပါ ကော်မရှင်မှ မေးခွန်းလွှာပေါင်း (၁၉၅၀၀)စောင်ကို ဖြန့်ဝေခဲ့ပြီး အဖြေလွှာပေါင်း (၇၆၆၅) စောင်ကို ပြန်လည်လက်ခံရရှိခဲ့သည်။ ဖြေကြားလွှာများနှင့် လူတွေ့မေးမြန်းမှုများမှ ရရှိလာသော ရလဒ်များအပေါ် အခြေခံကာ ကရင်နီပြည်အား အများဆန္ဒပြုခဲ့ကြသည့် ကယားအမည်သို့ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့တွင် နာမကရဏမင်္ဂလာသဘင် အခမ်းအနားဆင်ယင်ကျင်းပရင်း တရားဝင်သတ်မှတ် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ အဆိုပါနေ့ကို ကယားပြည်နယ်နေ့ (ကယားဒေး)အဖြစ် နှစ်စဉ် ပွဲတော်ကျင်းပလေ့ရှိသည်။

# ကရင်ပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း နိုဝင်ဘာလ (၇)ရက်

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၈၁(၁)အရ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့တွင် ပထမအဆင့် သတ်မှတ်ခဲ့သည်။ ၁၉၅၄ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် သံလွင်ခရိုင်နှင့် ဆက်စပ်နေသည့် ဒေသများဖြစ်သည့် ဘားအံ၊ သံတောင်၊ လှိုင်းဘွဲ့မြို့နယ်များသည်လည်းကောင်း၊ ၁၉၅၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်မြို့နယ်များသည်လည်း ကောင်း၊ ကရင်ပြည်နယ် အကျယ်အဝန်းနှင့် ကရင်ပြည်နယ် အုပ်ချုပ်မှုအတွင်းသို့ ရောက်ရှိလာသည်။

ကရင်ပြည်နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၁၁၀၉၁)ဖြစ်သည်။ ကျေးရွာပေါင်း (၄၆၄)ရွာနှင့် လူဦးရေပေါင်း (၆)သိန်းခန့်ရှိသည်။ ၁၉၅၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် ကျင်းပသော (၁၄)ကြိမ်မြောက် ကောင်စီညီလာခံမှ ကရင်ပြည်နယ်နေ့ သတ်မှတ်ရေးအဆို တင်သွင်းရန် သတ်မှတ်ခဲ့လေသည်။ ကရင်ပြည်နယ်နေ့ကို သတ်မှတ်ရာတွင် အောက်ပါအချက်များပေါ်တွင် မူတည်၍ ရွေးချယ်သတ်မှတ်ခဲ့သည်-

(၁) သံလွင်ခရိုင်ကို "ကရင်ပြည်နယ်" အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော နိုဝင်ဘာလ (၇) ရက်နေ့။

(၂) ဘားအံ၊ သံတောင်၊ လှိုင်းဘွဲ့မြို့နယ်များကို ပထမအကြိမ် ကရင်ပြည်နယ်အတွင်း ပေါင်းစည်းခဲ့သည့် ဇွန်လ (၁)ရက်နေ့။

(၃) ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်မြို့နယ်များကို ပထမအကြိမ် ကရင်ပြည်နယ်အတွင်း ပေါင်းစည်းခဲ့သည့် ဇူလိုင်လ(၁)ရက်နေ့။

ဤ(၃)ရက်ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ရန် စဉ်းစားရာတွင်-

(၁) ဇွန်လ (၁)ရက်နေ့နှင့် ဇူလိုင်လ (၁)ရက်နေ့တို့သည် မိုးများရွာသွန်းသော မိုးရာသီရက်များ ဖြစ်သောကြောင့် အခမ်းအနားများ ကျင်းပရန် မသင့်လျော်ခြင်း။

(၂) နိုဝင်ဘာ (၇)ရက်နေ့သည် ရာသီဥတုသာယာသော ဆောင်းရာသီနှင့် နွေရာသီဖြစ်သောကြောင့် အခမ်းအနားကျင်းပရန် ကောင်းမွန်ခြင်း။

(၃) နိုဝင်ဘာ (၇)ရက်နေ့သည် ကရင်ပြည်နယ်အဖြစ် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခဲ့ခြင်းတို့ကြောင့် နိုဝင်ဘာ (၇) ရက်ကို ကရင်ပြည်နယ်အဖြစ် ရွေးချယ်သတ်မှတ်လိုက်လေသည်။

ထိုအချိန်မှစ၍ ကရင်ပြည်နယ်နေ့ကို တရားဝင်ကျင်းပလာခြင်းဖြစ်ပါသည်။

# ကရင်ပြည်နယ် အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
# ဖေဖော်ဝါရီလ (၁၁)ရက်နေ့

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အချိန်မှစ၍ ကရင်အမျိုးသားအားလုံးသည် ကရင်ပြည်အတွက် တောင်းဆိုကြသည်။ သို့သော် အာဏာရအုပ်ချုပ်သူ ဖဆပလအစိုးရက ကရင်ပြည်တောင်းဆိုတာ လက်တစ်ဆုပ်စာကရင်သာ ဖြစ်ကြောင်း အင်္ဂလိပ်နယ်ချဲ့များက အားပေးအားမြှောက်ကြောင်း အင်္ဂလိပ်ကျွန်ဖြစ်သူ ကရင်များ ဖြစ်ကြောင်းစသည်များဖြင့် မဟုတ်မမှန် သွားပုပ်လေလွင့်စွပ်စွဲ ပြောဆိုသည်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် KNU က ဖဆပလအစိုးရထံ ကရင်ပြည်ပေးဘို့ စာရေးတောင်းဆိုသည်။ စာကိုတစ်လအတွင်း ၁၉၄၈ ခုနှစ်၊ မတ်လ (၃)ရက်နေ့နောက်ဆုံး အကြောင်းပြန်ရန် ပြန်စာမရရှိက (သို့တည်းမဟုတ်) ကရင်ပြည်ပေးဘို့ ငြင်းဆိုက ကရင်အမျိုးသားများ ခြေလှမ်းတစ်လှမ်း တက်လှမ်းမည်ဟု ပါရှိသည်။

ယင်းကရင်ပြည်တောင်းဆိုသည့်စာ ပိုမိုလေးနက်စေရန် ဖေဖော်ဝါရီ (၁၁)ရက်နေ့၌ မြန်မာပြည်တစ်ပြည်လုံးရှိ ကရင်အမျိုးသားအားလုံး ကရင်ပြည်လိုလားကြောင်း မြို့ပေါ်သို့ တက်၍ ကရင်လူထုဆန္ဒပြပွဲ ကျင်းပရန် ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ချက်အတိုင်း ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် မြန်မာပြည်တစ်ပြည်လုံး ကရင်အမျိုးသားများ မြို့ပေါ်သို့တက်၍ ကရင်ပြည်လိုကြောင်း ကရင် လူထုဆန္ဒပြပွဲ ကျင်းပလေသည်။ အောက်ဗမာပြည်ကရင်များရှိရာ ဒေသတွင်သာမက မြောက်ဖက်မြစ်ကြီးမှ တောင်ဖက် မြိတ်မြို့အထိ ရှမ်း

ပြည်တွင် နမ့်ခမ်း၊ ကွတ်ခိုင်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ မြန်မာပြည်အလယ်ပိုင်းတွင် ရေနံချောင်း၊ မိတ္ထီလာ၊ ချောက် စသည်ဖြင့် တစ်ပြည်လုံးတွင် ဆန္ဒပြကြသည်။

ရန်သူဖဆပလမှလည်း ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းများ ပြုလုပ်သေးသည်။ သို့သော် ကရင်တစ်မျိုးသားလုံး နှစ်ရက်၊ သုံးရက် ခရီးများချီတက်၍ ဆန္ဒပြရာ ကရင်အမျိုးသား၊ အမျိုးသမီးပေါင်း (၄) သိန်းကျော် ဆန္ဒပြကြ၍ ထိုနေ့ရက်အထိ မြန်မာပြည်သမိုင်းတွင် အကြီးမားဆုံး ဆန္ဒပြပွဲ ဖြစ်ခဲ့သည်။

## ကရင်လူထုဆန္ဒပြပွဲ ဖေဖော်ဝါရီလ (၁၁)ရက် ဖေဖော်ဝါရီအရေးတော်ပုံ၏ နိုင်ငံရေးအဓိပ္ပါယ်

(၁) ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေးအသိ၊ မျိုးချစ်ပြည်ချစ်စိတ်ဓာတ်ကို မွေးထုတ်ပြသသည့်နေ့။

(၂) ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးကို ထုတ်ဖော်ပြသသည့်နေ့။

(၃) ကရင်တစ်မျိုးသားလုံး ဇာတိသွေးဇာတိမာန်ကို ရဲရဲတောက်ထုတ်ဖော်ပြသသည့်နေ့။

(၄) နိုင်ငံရေးလက်ဦးမှုကို ကရင်များက ရယူသည့်နေ့။

(၅) ကရင်ကို ကမ္ဘာက ပိုမိုသိစေသောနေ့။

အထက်ပါအကြောင်းအရပ်များကြောင့် ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာ (၂၃-၂၅) ရက်နေ့မှစ၍ ဖါပွန်မြို့တွင် ကျင်းပသော ကော်သူးလေ ပြည်လုံးဆိုင်

ရာကွန်ကရက်တွင် ဖေဖော်ဝါရီလ (၁၁) ရက်နေ့ကို ကရင်အမျိုးသားနေ့ဟု သတ်မှတ်ကျင်းပရန်၊ မြစ်ဝကျွန်းပေါ် အမှတ်(၁) ခရိုင်ဥက္ကဋ္ဌ ဦးကျော်အေးက အဆိုပြု၍ မြစ်ဝကျွန်းပေါ် အမှတ်(၁) တပ်မဟာမှူး ဗိုလ်ချုပ်ကော်ထူးက ထောက်ခံ၍ ကွန်ကရက်ကိုယ်စားလှယ်များက ကန့်ကွက်သူလုံးဝမရှိဘဲ တညီတညွတ်တည်း အတည်ပြုလိုက်ရာ ကရင်လူထုဆန္ဒပြပွဲဖြစ်သည့် ဖေဖော်ဝါရီလ (၁၁)ရက်နေ့သည် ကရင်အမျိုးသားနေ့ ဖြစ်လာသည်။

# ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
# ဖေဖော်ဝါရီလ (၂၀)ရက်နေ့

ဗြိတိသျှတို့သည် ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်ထိ မြန်မာနိုင်ငံအပေါ် ကျူးကျော်စစ် (၃)ကြိမ်ဆင်နွှဲခဲ့ပြီး ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့သော်လည်း ချင်းဒေသကို ၁၉၂၇ ခုနှစ်မှသာ အားလုံးသိမ်းပိုက်နိုင်ခဲ့ကြောင်း သမိုင်းပညာရှင်များက ဆိုပါသည်။ ဗြိတိသျှတို့သည် မူလကရှိနေခဲ့သည့် မြေရှင်စနစ်ကို အခြေခံပြီး (Divide and Rule) သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ နယ်ပယ်ဒေသများခွဲခြားပြီး ဒေသအလိုက်သီးခြားဥပဒေများ ပြဋ္ဌာန်း၍ အုပ်ချုပ်ခဲ့သည်။ အကျိုးဆက်မှာ ချင်းတိုင်းရင်းသားများအတွင်း စည်းလုံးညီညွတ်ရေး ပျက်ပြားခြင်း၊ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး နိမ့်ကျခဲ့ခြင်းများနှင့် ပြည်သူများအနိမ့်ခံဘဝတို့မှ ရုန်းမထွက်နိုင်ခြင်းများဖြစ်သည်။ တဖြည်းဖြည်းချင်းတိုင်းရင်းသားများ၏ ခံစားချက်များ ပြင်းထန်လာခဲ့သည်။

- ၂၀.၂.၁၉၁၈ ရက်နေ့ မေမြို့ချင်းပညာရေးမြှင့်တင်ရေးအဖွဲ့၏ လှုပ်ရှားမှု
- ၂၀.၂.၁၉၂၈ ရက်နေ့ မင်းတပ်မြို့ချင်းတောင်ညီညွတ်ရေးအဖွဲ့၏ လှုပ်ရှားမှု
- ၂၀.၂.၁၉၂၈ ရက်နေ့ ကန်ပက်လက်ချင်းခေါင်းဆောင်များ၏ တောင်းဆိုချက် (၉) ချက်

- ၂၀.၂.၁၉၄၀ ရက်နေ့ ကန်ပက်လက်မြို့မှ လူထုဆန္ဒကျင်ပွဲ
- ၂၀.၂.၁၉၄၈ ရက်နေ့ ဖလမ်းမြို့ ချင်းဝိသေသ တိုင်းလုံးဆိုင်ရာ လူဦးရေ (၅၀၀၀)ပါ လူထုညီလာခံတွင် တင်သွင်းသည့် အဆိုများ အနက် အမှတ်စဉ်(၄) တိုက်သူကြီးအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ကောင်စီဖြင့် အုပ်ချုပ်ရန်ဟူသော အဆိုအောင်မြင်မှုတို့သည် ချင်းအမျိုး သားနေ့ ဖြစ်ပေါ်လာသည့် ဖြစ်စဉ်များ ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ချင်းရေးရာဝန်ကြီး ဦးဝမ္မသူမောင်နှင့်အဖွဲ့က ဖေဖော်ဝါရီ (၂၀)ရက်နေ့ကို ချင်းအမျိုးသားနေ့ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ချင်းအမျိုးသားနေ့၏ အနှစ်သာရသည် ပဒေသရာဇ်အုပ် ချုပ်ရေးစနစ်မှ ပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းခြင်း ဖြစ်သည်။

## မွန်ပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
## မတ်လ (၁၉)ရက်နေ့

လွတ်လပ်ရေးရပြီးနောက် မွန်တိုင်းရင်းသားမျိုးနွယ်စု၊ မွန်စာပေနှင့်ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့မှ ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး တစ်ဖန် ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းကာ မွန်ပြည်နယ် ဖွဲ့စည်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၇၂ ခုနှစ်၊ ဇွန်လ(၂၀)ရက်နေ့တွင် ယခင်တနင်္သာရီတိုင်းကို တနင်္သာရီတိုင်းအမှတ်(၁)နှင့် တနင်္သာရီ တိုင်းအမှတ်(၂)အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၀)၊ ပုဒ်မခွဲ(ဂ)ဖြင့် တနင်္သာရီတိုင်း အမှတ်(၁)ကို မွန်ပြည်နယ်ဟု သတ်မှတ်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)တွင် မွန်ပြည်နယ်ဟု စတင် အသိအမှတ်ပြု ရေးဆွဲခဲ့သော မတ်လ(၁၉)ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ ပါသည်။

# မွန်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း တပို့တွဲလပြည့်ကျော် (၁)ရက်

မွန်အမျိုးသားတို့၏ မျိုးချစ်စိတ်ဓါတ်ရှင်သန်ရေးနှင့် ဇာတိသွေး ဇာတိမာန်များ ရှင်သန်နိုးကြားစေပြီး တိုင်းရင်းသားညီအကိုမောင်နှမများ အားလုံး စည်းလုံးညီညွတ်မှုရှိစေရန် မွန်စာပေ၊ အနုပညာ ယဉ်ကျေးမှုကို ထိန်းသိမ်းကာ ဖော်ထုတ်မြှင့်တင်လိုစိတ် မြင့်မားတိုးတက်လာစေရန် အမျိုးသားရေးစိတ်ဓါတ်နိုးကြားသော ၁၉၄၆ ခုနှစ်တွင် လူထုအစည်း အဝေး တစ်ရပ်ကျင်းပခဲ့ပါသည်။

မြတ်စွာဘုရားသခင်(၈)ဝါအရတွင် ဂဝမ္ပတိထေရ်၏ ပင့်လျှောက်ချက် အရ သထုံသို့ ကြွတော်မူလာချိန်၌ ဟံသာဝတီမြို့ပြတည်ရာဒေသမှာ ပင်လယ်ပြင်ဖြစ်လျှက်ရှိနေသေးသည်။ (၁၅)ရာစုနှစ်အနောက်နိုင်ငံသား ကုန်သည်များ၏ မှတ်တမ်းများအရ (၁၅)ရာစုနှစ်များတိုင်အောင် ပဲခူးမြို့ သည် မုတ္တမပင်လယ်ကွေ့ပေါ်တွင် တည်ရှိသော ဆိပ်ကမ်းမြို့ဖြစ်ကြောင်း သိရှိရသည်။ ဤသို့ ပင်လယ်ပြင်ဖြစ်လျက် တည်ရှိရာတွင် ဟံသာဝတီ ပဲခူးဖြစ်လာမည့် ပင်လယ်ပြင်အလယ်၌ ကျောက်တောင်ကြီးတစ်ခု ရှိသည်။ ရေကျချိန်တွင် (၂၃)လံအမြင့် မြင်တွေ့ရသော်လည်း ရေတက်၍ ရေပြည့်ချိန်တွင် အရိပ်အယောင်ပေါ်ရုံမျှ မြင်တွေ့ရသည်။ မြတ်စွာဘုရား (၈)ဝါအရတွင် သုဝဏ္ဏဘူမိ သထုံသို့ ကြွတော်မူလာစဉ် ထိုနေရာ၌ ရွှေဟင်္သာဖိုမ နားနေသည်ကို မြင်တော်မူသောအခါ အရှင်အာနန္ဒာအား အနာဂတ်ကာလတွင် ဤနေရာ၌ ကြီးကျယ်သော ဟံသာဝတီရာဇဌာနီ

မင်းနေပြည်တော်ဖြစ်လာမည်ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့သော နေရာဖြစ်ပါသည်။ ထို့သို့ မြတ်စွာဘုရားဗျာဒိတ်ပေးခဲ့သည့်အတိုင်း နောင်တွင် ထိုနေရာသည် ဟံသာဝတီနေပြည်တော်ဖြစ်လာခဲ့ပါသည်။

ဟံသာဝတီနေပြည်တော်ကို သမလနှင့်ဝိမလမင်းသား (၂)ပါးက စတင်တည်ထောင်သော နေ့ဖြစ်တဲ့ သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် (၁)ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ကြရန် ၁၉၄၇ ခုနှစ်တွင် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာတွင် ပြုလုပ်သော မွန်အမျိုးသားများ ညီလာခံက အတည်ပြု ဆုံးဖြတ်ခဲ့သည့်အတွက် ထိုနေ့ တပို့တွဲလပြည့်ကျော်(၁)ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

# ရခိုင်ပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
# ဒီဇင်ဘာလ (၁၅)ရက်နေ့

၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရခိုင်တိုင်းရင်းသားများ၏ ရခိုင်ပြည်နယ်အဖြစ် ဖြစ်ပေါ်လာခဲ့ပြီး ရခိုင်ပြည်သူများသည် လူမျိုးတစ်မျိုးအဖြစ် ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်လာနိုင်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရန်အတွက် ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့မှ (၃၁)ရက်နေ့ထိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ပါသည်။ ထိုစဉ်က ရခိုင်ပြည်နယ် အစိုးရဖြစ်သော ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်သူတစ်ရပ်လုံး တခဲနက်ဆန္ဒပြုခဲ့သည့် ဒီဇင်ဘာလ (၁၅)ရက်နေ့အား ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစတင်ကာ နှစ်စဉ် ကျင်းပလာခဲ့ခြင်း ဖြစ်ပါသည်။

## ရခိုင်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း
## ကဆုန်လပြည့်ကျော် (၁)ရက်

ရခိုင်လူမျိုးတို့သည် ကမ္ဘာ့သမိုင်းတွင် နှစ်ပေါင်းထောင်ချီပြီး ကိုယ့်ထီးကိုယ်နန်းဖြင့် ကြာမြင့်စွာ ရပ်တည်လာသော သမိုင်းအစဉ်အလာ ကြီးမားရှည်လျားခဲ့သည့် လူမျိုးတစ်မျိုး ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားနေ့ ရှိသော နိုင်ငံပေါင်း (၃၀)ခန့်ရှိသည့်နည်းတူ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ၏အမျိုးသားနေ့ ရှိသကဲ့သို့ တိုင်းရင်းသား လူမျိုးစု အလိုက်လည်း အမျိုးသားနေ့များ ရှိကြပါသည်။

ရခိုင်လူမျိုးတို့သည် နှစ်ပေါင်းကြာရှည်စွာ ရပ်တည်လာခဲ့သည့်တိုင် မိမိလူမျိုးအတွက် အမျိုးသားနေ့ဟူ၍ မရှိဘဲ ဖြစ်နေရာ ထိုကွက်လပ်ကို ဖြည့်ဆည်းလိုကြသော အမျိုးသားရေး တက်ကြွသူများက ရခိုင်အမျိုးသားနေ့ သတ်မှတ်ရေး ကြိုးပမ်းမှု ကော်မတီတစ်ရပ်ကို လူပုဂ္ဂိုလ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မူ (၁၀)ချက်ကို အခြေခံ၍ အနယ်နယ်အရပ်ရပ်ရှိ ရဟန်းရှင် လူပုဂ္ဂိုလ်၊ အသိပညာရှင်၊ အတတ်ပညာရှင်များထံမှ အကြံပြုလွှာများကို စုဆောင်းခဲ့ပါသည်။

ထိုသို့ စုဆောင်းရရှိသော အကြံပြုလွှာများထဲမှ ဓညဝတီခေတ်၊ စန္ဒသူရိယဘုရင်လက်ထက် ဗုဒ္ဓမြတ်စွာဘုရား ရခိုင်ပြည်နယ်သို့ ကြွလာပြီး ကိုယ်စားတော်မဟာမုနိအား သွန်းလုပ်ပြီးစီးခဲ့သော ကဆုန်လပြည့်

ကျော် (၁)ရက်နေ့ကို ၂၀၁၄ ခုနှစ်တွင် ကျောက်ဖြူမြို့၌ ကျင်းပပြု လုပ်ခဲ့သည့် ရခိုင်ပြည်နယ် (၁၇)မြို့နယ် ပါဝင်သော ကျောက်ဖြူညီလာခံ မှ မြို့နယ်ကိုယ်စားလှယ်များဖြင့် မဲခွဲ၊ ရွေးချယ်၊ အတည်ပြုပြဋ္ဌာန်း ဖြစ် ပေါ်လာသော နေ့ထူးနေ့မြတ်တစ်ရက် ဖြစ်ပေသည်။ ယခု ၂၀၁၈ ခုနှစ် ဆိုလျှင် ရခိုင်အမျိုးသားနေ့မှာ (၅)နှစ်မြောက် သက်တမ်းရှိပြီ ဖြစ်ပါ သည်။

## ရှမ်းအမျိုးသားနေ့ (ရှမ်းပြည်နယ်နေ့) ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း ဖေဖော်ဝါရီလ (၇)ရက်

အိန္ဒိယနှင့်မြန်မာပြည် ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာခဲ့သော ၁၉၃၀ခုနှစ်တွင် လန်ဒန်မြို့၌ ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် ရှမ်းပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မှ မပါဝင်သော မြန်မာပြည်မမှ ကိုယ်စားလှယ် (၂၁)ဦးကို ရွေးချယ်လိုက်သည်။ စော်ဘွားများမှ အပြင်းအထန် အရေးဆိုသောကြောင့် ညောင်ရွှေစော်ဘွားနှင့် သီပေါစော်ဘွားနှစ်ဦးကို တက်ရောက်ခွင့် ပေးခဲ့သည်။ လန်ဒန်မျက်နှာစုံညီ အစည်းအဝေး (Round Table Confrence) သို့ ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရရှိသော ၁၉၃၀ ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကာ ပျော်ပွဲရွှင်ပွဲများ၊ အစည်းအဝေးပွဲများကို မိုင်းကိုင်မြို့၌ နှစ်စဉ် ကျင်းပခဲ့ကြသည်။

သို့သော်လည်း အဓိကကျသော လူထုပါဝင်မှုမရှိခြင်း အမျိုးသားရေးဦးတည်ချက် ကင်းမဲ့နေခြင်းတို့ကြောင့် စက်တင်ဘာ (၇)ရက်နေ့သည် လေးနက်သော အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။

၁၉၂၂ခုနှစ်တွင် ပဒေသရာဇ်ကောင်စီ (The Federal Council of Shan Chiefs)ကို ဖွဲ့စည်းခဲ့ပြီး ရှမ်းပြည်နယ်ကို ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။

မြန်မာပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကိုများ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ရေး ဆောင်ရွက်ရာတွင် ပဒေသရာဇ်ကောင်စီသည် လူထုနှင့်စော်ဘွားများ၏ ကြီးမားသော အဟန့်အတားကြီး တစ်ရပ်ဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။ ထို့ကြောင့် ရှမ်းပြည်လူထုခေါင်းဆောင်တစ်ဦးဖြစ်သော လင်းခေးဦးထွန်းမြင့်မှ ပဒေသရာဇ်ကောင်စီအား လူထုနည်းဖြင့် ဖျက်သိမ်းရန်အဆို တင်သွင်း၍ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ပင်လုံပွဲသို့ တက်ရောက်လာသော လူထုများမှ ပဒေသရာဇ်ကောင်စီအလိုမရှိဟု ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ဆန္ဒပြ တောင်းဆိုကြသည်။ လူထုခေါင်းဆောင်များမှ ဦးဆောင်၍ လူထုတစ်ရပ်လုံး ညီညွတ်စွာ ပါဝင်တောင်းဆို လာသဖြင့် ဗြိတိသျှတို့ နောက်ဆုတ်သွားခဲ့ရပြီး ပဒေသရာဇ်ကောင်စီသည်လည်း ဆုံးခန်းတိုင်သွားခဲ့ရပါသည်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့၌ လူထုကိုယ်စားလှယ် (၇)ဦး စော်ဘွားများကိုယ်စားလှယ် (၇)ဦး ပေါင်း(၁၄)ဦးဖြင့် ရှမ်းပြည်နယ်ကောင်စီကို ဖွဲ့စည်းလိုက်ပါသည်။

ထိုစော်ဘွားများနှင့် လူထုများစည်းလုံးညီညွတ်စွာ ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းနိုင်ခဲ့ခြင်း၊ ရှမ်းပြည်နယ်ကောင်စီကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ပြည်မကိုယ်စားပြု အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ အခြားသော တောင်တန်းသားကိုယ်စား လှယ်များတို့နှင့် အတူ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ပန္နက်ချနိုင်ခဲ့

သော ပြည်ထောင်စုနေ့၏ သန္ဓေတည်ရာ နေ့ထူးနေ့မြတ် ဖြစ်သည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့အား ရှမ်းအမျိုးသားနေ့ဟု ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ကျင်းပသော ပင်လုံညီလာခံ အစည်းအဝေး၌ စော်ဘွားများနှင့် လူထုကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ပြီး တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။

ရှမ်းပြည်နယ်သည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ရာ ပြည်နယ်ကြီးတစ်ခု ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ လူမျိုးပေါင်းစုံ အား ကိုယ်စားပြုနိုင်စေရန် ၁၉၆၀ ခုနှစ်ဝန်းကျင်မှ စတင်၍ ရှမ်းအမျိုး သားနေ့မှ ရှမ်းပြည်နယ်နေ့ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။

# မှီငြမ်းကိုးကားချက်များ

၁။ ဖိုင်ဝါးစာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ မြစ်ကြီးနားမြို့မှ ပေးပို့သည်။

၂။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ လှိုင်ကော်မြို့မှ ပေးပို့သည်။

၃။ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ပန်းတနော်မြို့မှ ပေးပို့သည်။

၄။ မောင်စင်ကြယ်၏ ကရင့်ဘဝဓလေ့ ( ၁၉၆၇ ခုနှစ်၊ အမျိုးသားစာပေဆုရ)မှ ကူးယူပါသည်။

၅။ အရှိချင်း အမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ အင်းစိန်မြို့၊ ရန်ကုန်မှပေးပို့သည်။

၆။ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ပဲခူးမြို့မှ ပေးပို့သည်။

၇။ ညွန်ကြားရေးမှူးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်မှ ပေးပို့သည်။

၈။ ရှမ်း(ရှမ်းကြီး)စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ အမှတ်(၁၇/၁) မြကြည်သာလမ်း၊ ရဲကွင်းရပ်ကွက်၊ တောင်ကြီးမြို့မှ ပေးပို့သည်။